Karenni National Progressive Party (KNPP)
Headquarters

P.O Box-6, A. Muang, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com
Mobile Phone: G.S: +66(0) 8 9553 1296, S.1: +66(0) 6 1313 7004, S.2: +66(0) 6 3074 9087

**ထုတ်ပြန်ကြေညာချက် အမှတ် ၀၅/၂၀၂၂**

# စစ်ကောင်စီလက်အောက်ခံ မြန်မာအမျိုးသားလေကြောင်းလိုင်း MNA လေယာဉ် ပစ်ခတ်ခံရမှုနှင့်ပတ်သက်၍ စစ်ကောင်စီဘက်မှ ထုတ်ပြန်စွပ်စွဲမှုများအပေါ် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP ၏ သဘောထားထုတ်ပြန်ချက်

ရန်ကုန်-နေပြည်တော်-လွိုင်ကော်-ရန်ကုန် ခရီးစဉ်ပြေးဆွဲသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း MNA ၏ လေယာဉ်တစ်စင်းသည် ၃၀-၉-၂၀၂၂ ရက် သောကြာနေ့ နံနက် ၀၈၄၅ နာရီအချိန်ခန့်တွင် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်စဉ် အမြင့်ပေ ၃၅၀၀ ခန့်၊ လေယာဉ်ပြေးလမ်း မြောက်ဘက် ၄ မိုင်ခန့် အကွာ၌ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP နှင့် PDF တို့၏ ပစ်ခတ်ခြင်းကို ခံရကာ အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း မြန်မာစစ်ကောင်စီဘက်က သတင်းထုတ်ပြန်ခဲ့ပြီး KNPP နှင့် PDF တို့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် ပစ်မှတ်များကို တိုက်ခိုက်ပစ်ခတ်သည့် အကြမ်းဖက် လုပ်ရပ်များကို ကျူးလွန်နေသည်ဟုလည်း စွပ်စွဲထားပါသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP မှ စုံစမ်းမေးမြန်း လေ့လာခဲ့ရာ လေဆိပ်သို့ ဆင်းသက်စဉ် အမြင့်ပေ ၃၅၀၀ တွင် အောက်ခြေမြေပြင်မှ လက်နက်ငယ်ဖြင့် ပစ်ခတ်သည် ဆိုသည်မှာ လက်နက်ငယ်၏ ပစ်အားအရှိန်နှင့် ကျည်ဆံပြေးလမ်းတို့အရ မည်သို့မျှ မဖြစ်နိုင်ကြောင်း၊ စစ်ကောင်စီသည် လွိုင်ကော်မြို့အလယ်နှင့် မြို့အဝင်အထွက်များ၊ လွိုင်ကော် လေဆိပ် လေယာဉ်ကွင်း၊ ပြေးလမ်းနှင့်ဆက်စပ်နေသော ဧရိယာနယ်နမိတ် ပတ်ပတ်လည်တို့တွင် အထူး အရေးကြီးလုံခြုံရေး နယ်မြေအဖြစ် စစ်အင်အား ထူထပ်စွာ ချထား၍ လေယာဉ်ပြေးလမ်း မြောက်ဘက် ၄ မိုင်ခန့်အကွာ၌ မိမိတို့ တပ်ဖွဲ့ဝင်များ ဝင်ရောက်လှုပ်ရှားရန် မဖြစ်နိုင်ကြောင်း၊ ပစ်ခတ်ခံရသဖြင့် ထိခိုက် ဒဏ်ရာရရှိသူသည် သာမန်ပြည်သူ မဟုတ်ဘဲ စစ်ကောင်စီတပ်မှ တပ်ကြပ်ကြီးစာရေး သိန်းစိုးညွန့် ဆိုသူ ဖြစ်နေကြောင်း၊ ရိုက်ကူးထားသည့် လေယာဉ်ကိုယ်ထည် ဓါတ်ပုံတွင် သတ္တုစ အပြင်

ဘက်သို့ လှန်ထွက်နေခြင်း၊ ကျည်ရာက အပြင်ကို ဖွာပြီး အဝကျယ်နေခြင်း တို့ကြောင့် အပြင်ဘက်က ပစ်ခတ်မှု မဖြစ်နိုင်ကြောင်း စသည့် အချက်အလက်များကို တွေ့ရှိရပါသည်။

မိမိတို့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP သည် အမျိုးသားတန်းတူရေး၊ တရားမျှတရေး၊ ငြိမ်းချမ်းရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝ ကျင့်သုံးပိုင်ခွင့်ရှိသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးအား တည်ဆောက်နိုင်ရေးအတွက် နှစ်ပေါင်း ၇၀ ကျော်ကြာ ခုခံတော်လှန်ရေးကို ဆင်နွှဲခဲ့ပြီး ယခုအချိန်တွင် အာဏာရှင်စနစ် ပပျောက်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ပေါက်ရေးတို့အတွက် အခြားသော အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေသည်။ အကြမ်းဖက်လုပ်ရပ်များအတွက် မူဝါဒ မရှိပါ၊ လမ်းညွှန်ချက်လည်း မပေးထားပါ။

သို့ဖြစ်ပါ၍ စစ်ကောင်စီ၏ ထုတ်ပြန်မှုများသည် သံသယဖြစ်စရာများ ပါဝင်နေပြီး အဖွဲ့အစည်းများ၏ အမည်ကိုတပ်၍ ခရီးသည်တင်လေယာဉ်ကို အကြမ်းဖက် တိုက်ခိုက်သည်ဟု စွပ်စွဲပြောဆိုခြင်းသည် သက်သေ မရှိဘဲ တမင်အကြံအစည်ဖြင့် အမည်ဖျက်ရန် စစ်ကောင်စီ၏ လုပ်ကြံမှုသက်သက်မျှသာ ဖြစ်သည်ဟု ကောက်ချက်ချနိုင်ပါကြောင်း မိမိတို့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP မှ သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်။